နိုင်ငံခြားကသိမ်

အရှင်ကေလာသ
ဒီဇင်ဘာ ၃၀၊ ၂၀၁၅)။

ဘုန်းကြီး တပည့်တော် စန္ဒနပါ၊ မေးခွန်းလေး တစ်ခုမေးချင်လို့ပါ ဘုရား။ မိမိကျောင်းအတွင်း ဝိသုံဂါမသိမ် သမုတ်ရာ၌ မင်းဖြစ်သူက အပိုင်စားပေးထားသော နေရာမှာသာ သမုတ်နိုင်တယ်လို့ သိထားပါတယ်ဘုရား။ သို့ဖြစ်၍ နိုင်ငံခြား တိုင်းပြည်များတွင် သက်ဆိုင်ရာ နိုင်ငံတော် သမ္မတ သို့မဟုတ် ဝန်ကြီးချုပ်တို့က ထိုမြေနေရာကို တရားဝင် ပေးအပ်ပြီးမှ သိမ်သမုတ် ကြပါသလားဆိုတာ သိချင်တာပါ ဘုရား။

ဘုန်းကြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပြီး သာသနာတော်ကို စိတ်တိုင်းကျ ပြုနိုင်ပါစေဘုရား။

တပည့် စန္ဒန

သိမ်ဆိုတာ

သာမန် စာဖတ်သူ ရိပ်မိအောင် သိမ်အကြောင်းကို နည်းနည်း ပြောပြရမယ် .. ရဟန်းသံဃာ အချင်းချင်းပဲ စည်းဝေး စုရုံးပြီး လုပ်ရတဲ့ 'ရဟန်းခံခြင်း၊ ဥပုသ်ပြုခြင်း၊ ပဝါရဏာပြုခြင်း' စတာတွေကို ဘုန်းကြီးသုံး ဝေါဟာရနဲ့ 'ကံကြီးကံငယ် ပြုခြင်း'လို့ ခေါ်ပြီး ဒီလို ကံကြီးကံငယ် ပြုဖို့ သီးခြား သတ်မှတ်ထားတဲ့ နေရာကိုတော့ 'သိမ်'လို့ ခေါ်ပါတယ်။ သံဃာတွေ သိမ်တစ်ခု အတွင်း စုဝေးကြတဲ့အခါ တစ်ပါးနဲ့တစ်ပါး ၂-တောင့်ထွာ အတွင်းကို ရောက်နေမှ 'သာမဂ္ဂီ = ညီညွတ်ခြင်း'ဆိုတဲ့ အဓိပ္ပာယ် သက်ရောက်တယ်။ အဲဒီလို 'သံဃာတွေ သာမဂ္ဂီဖြစ်ဖို့ သိမ်ကို မြတ်ဗုဒ္ဓ ခွင့်ပြုတော်မူတာပဲ (ဝိ ၃၊ ၁၄၄)'။

သိမ်ရှိမှ ရဟန်းသံဃာ အဆက်မပြတ် ရှိပြီး ဗုဒ္ဓသာသနာ အရှည်တည်နိုင်မှာ ဖြစ်လို့ သိမ်ဟာ အရေးကြီးပါတယ်။

သိမ် ၂-မျိုး

(၁) အဗဒ္ဓသိမ် (အလိုလို ဖြစ်နေပြီးသား သိမ်)။ သံဃာတွေ ကမ္မဝါစာ ဖတ်ပြီး သိမ်သမုတ်စရာ မလိုတဲ့ သိမ်မျိုး။ ဥပမာ .. ကျေးရွာ (ရပ်ကွက်)သည်ပင် သိမ်။ မင်း သို့မဟုတ် အစိုးရတို့က ရွာအနေနဲ့ သတ်မှတ်ထားတဲ့ နယ်နိမိတ် အပိုင်းအဝန်း တစ်ခုလုံးဟာ အဗဒ္ဓသိမ် သို့မဟုတ် အလိုလိုသိမ် ဖြစ်လို့ ရဟန်းတွေ တစ်နေရာမှာ စုရုံးပြီး ကံကြီးကံငယ် ပြုနိုင်တယ်။ သဘာဝရေအိုင် (လူလုပ် ရေအိုင်၊ ရေကန်တွေ မဟုတ်)၊ မြစ်ချောင်း စသည်ဟာလည်း အဗဒ္ဓ သိမ်ပါပဲ။

(၂) ဗဒ္ဓသိမ် (အနည်းဆုံး ၄-ပါး အရေအတွက် ရှိတဲ့ သံဃာနဲ့ ကမ္မဝါစာ ဖတ်ပြီး သမုတ်ရတဲ့ သိမ်)။ အကျယ်ဆုံး သုံးယူ ဇနာထိ နယ်နိမိတ် ပိုင်းခြား သတ်မှတ်ပြီး သမုတ်ရင် မဟာသိမ်လို့ ခေါ်ပြီး အဲဒီ မဟာ သိမ်ရဲ့ အထဲမှာပဲ သွားလာရေး လွယ်ကူအောင် နယ်နိမိတ် ကျဉ်းကျဉ်း ထပ်မံ သတ်မှတ်ပြီး သမုတ်ရင် ခဏ္ဍသိမ်လို့ ခေါ်တယ်။

ဝိသုံဂါမသိမ်

သိမ်နယ်နိမိတ် တစ်ခုအတွင်း သံဃာ့ကံ ပြုတဲ့အခါ ရဟန်းတွေ အချင်းချင်း နှစ်တောင်နဲ့ တစ်ထွာ အတွင်းမှာ ရှိနေရတယ်။ ဒါကြောင့် ကျယ်ပြန့်တဲ့ ရွာ သို့မဟုတ် ရပ်ကွက် နယ်နိမိတ် တစ်ခုလုံး သိမ်ဖြစ်နေရင် အဲဒီ

အတွင်းမှာ သံဃာ့ကံ ပြုတိုင်း သံဃာကုန် နှစ်တောင်နဲ့ တစ်ထွာအတွင်း သွားရောက်ရလို့ ကံပြုရာမှာ ခက်ခဲတဲ့အတွက် အဲဒီ 'ရွာတည်းဟူသော သိမ်ကြီး' ထဲမှာပဲ မြေအကျယ် အဝန်းတစ်ခုကို နယ်နိမိတ် ပိုင်းခြား သတ်မှတ်ပြီး မင်း သို့မဟုတ် အစိုးရတာဝန်ရှိသူက ရွာအဖြစ် သီခြား သတ်မှတ်ပေးတဲ့ နေရာကို 'ဝိသုံဂါမ (ဝိသုံ = သီးခြား၊ ဂါမ = ရွာ)'လို့ ခေါ်တယ်။

ဉပမာ .. ရွာဦးကျောင်းဝင်းထဲမှာ ပေ ၅၀ ပတ်လည်ရှိတဲ့ နေရာကို သတ်မှတ်ပြီး အစိုးရထံမှာ အဲဒီမြေကို ဝိသုံဂါမ (သီးခြားရွာ)အဖြစ် သတ်မှတ်ပေးပါလို့ ခွင့်တောင်းလို့ အစိုးရက ခွင့်ပြုရင် အဲဒီ မြေကွက်ကို 'ဝိသုံဂါမ'လို့ ခေါ်တာပဲ။ 'ဝိသုံဂါမ' အဖြစ် အစိုးရဆီက အမိန့်ကျပြီးသား မြေကို ထပ်ပြီး သံဃာနဲ့ သိမ်သမုတ်ဖွယ် မလိုဘူးလို့ ဆရာအချို့က ဆိုပြီး အချို့က လိုတယ်လို့ ဆိုပါတယ်။ မလိုရင် အဗဒ္ဓသိမ်လို့ ဆိုပြီး လိုရင် ဗဒ္ဓသိမ်လို့ ဆိုမှာပေါ့။

နယ်သိမ်းသိမ်

ဝိသုံဂါမအဖြစ် အစိုးရဆီက ခွင့်တောင်းရတာဟာ ခက်လွန်း ကြာလွန်းတယ်။ သို့မဟုတ် မဖြစ်နိုင်ဘူး။ ဒါကြောင့် ဘုန်းကြီးကျောင်းဝင်းအတွင်း မြေကို ပေ ၅၀ ပတ်လည် စသည် .. ကိုယ့်ဟာကိုယ် သတ်မှတ်ပြီး သိမ်သမုတ်နိုင်တယ်။ အဲဒီလို သမုတ်တဲ့အခါ ရွာ သို့မဟုတ် ရပ်ကွက် အတွင်းရှိ သံဃာတွေ အားလုံး သိမ်သမုတ်မယ့် နေရာအတွင်းကို မဖြစ်မနေ ရောက်အောင် လာရတယ်။ မလာနိုင်ရင် သဘောတူကြောင်း ယင်းတို့က ဆန္ဒပေးရတယ်။ လူလည်း မလာ၊ ဆန္ဒလည်း မပေးရင် ထိုသိမ်သမုတ် ခြင်းကိစ္စ မအောင်မြင်ဘူး။ ဒ့ါအပြင် သိမ်သမုတ်နေစဉ် အခြားရပ်ကွက် ကျေးရွာက သံဃာတွေ သိမ်သမုတ်နေတဲ့ ရပ်ကွက် သို့မဟုတ် ရွာနိမိတ်အတွင်း မဝင်နိုင်အောင်လည်း လူ သို့မဟုတ် သာမဏေတွေကို အစောင့်ထားရတယ်။ ဒီနည်းနဲ့ သမုတ်တဲ့သိမ်ကို 'နယ်သိမ်းသိမ်'လို့ ခေါ်တယ်။ ကမ္မဝါစာ ဖတ်ပြီး သမုတ်ရလို့ 'ဗဒ္ဓသိမ်'လို့လည်း ခေါ်မှာပေါ့။

နိုင်ငံခြားမှာ

နိုင်ငံခြားမှာက 'မင်းဖြစ်သူက အပိုင်စား ပေးခြင်း' သို့မဟုတ် အစိုးရဆီက 'ဝိသုံဂါမအဖြစ် ခွင့်ပြုမိန့်ပေးခြင်း' ဆိုတာမျိုး မ ဖြစ်နိုင်ဘူး။ ဒါကြောင့် အထက်မှာ ဖော်ပြတဲ့ နယ်သိမ်းသိမ်ပဲ သမုတ်ရပါတယ်။ ဘုန်းကြီး မှတ်မိသလောက် အမေရိကမှာ တော့ သိမ်သမုတ်တဲ့အခါ city နယ်နိမိတ်တွေမှာ အစောင့်ထားတာကို မတွေ့မိဘူး။ ရဟန်းတစ်ပါး အနေနဲ့ အမေရိကကို ရောက်လာဖို့ဆိုတာ ခက်တဲ့အတွက် လိုမယ်တော့ မထင်ပါဘူး။ ဒါပေမယ့် 'ဂရုက လဟုကေသု ဂရုကေ ဌာတဗ္ဗံ (အလေး အ ပေ့ါ ယှဉ်ရင် အလေးနောက်ကို လိုက်)'အရ အစောင့် ထားရ မယ်လို့ ဆိုရင်လည်း မငြင်းလိုပါဘူး။

မိန့်ပါကုန်

ဘုန်းကြီး စဉ်းစားမိတာက .. အမေရိကမှာ zoning (နယ်မြေ သတ်မှတ်ချက်) ဆိုတာ ရှိတယ်။ ဥပမာ .. religious zone အဖြစ် အစိုးရက သတ်မှတ်ပေးထားတဲ့ နယ်မြေ။ အဲဒီ နယ်မြေမှာ မည်သည့် ဘာသာမဆို သူ့ဘာသာရေးကို လွတ်လပ်စွာ လုပ်ခွင့် ရှိတယ် (ဥပမာ .. တရားဟော၊ လူစုလူဝေး၊ စီတန်း လှည့်လည်၊ အဆောက်အအုံ ဆောက် .. စသည်)။ အဲဒီလို religious zone နယ်မြေမျိုးမှာ 'ဘုန်းကြီးကျောင်း (ယင်းတို့အသုံးအရ Church)'အဖြစ် အစိုးရရဲ့ ခွင့်ပြုချက်ရရင် ဒီဘုန်းကြီးကျောင်းဝင်းကို 'ဝိသုံဂါမ'လို့ ယူရင် ရနိုင်မလားလို့ပါ .. ပညာရှိတို့ မိန့်တော်မူပါကုန်။ ❒